

မင်းမြတ်သူရ
တောင်တော်ရှင်မ

# အခန်း(၁)

တစ်နေ့သ၌ ဟူးကောင်းချိုင့်ဂှမ်းအတွင်းရှိ လူမျိုးမစုအကြီးအကဲကြီး တစ်ယောက်၏ နေအိမ်တွင် လူအများနှင့် စည်စည်ကားကား ဖြစ်နေလေ၏ ။

အကြီးအကဲနေထိုင်သော ထိန်နုအိမ်ကြီး၏ ခြံဝင်းအတွင်း မီးတုတ်အလင်းရောင်များကို ထိန်ထိန်ညီးအောင် ထွန်းညှိထား၏ ။ အိမ်ကြီး၏ အပေါ်၌ ဧည့်သည်များ ရောက်ရှိနေသဖြင့် မီးလုံးရောင်စုံများ ထွန်းညှိထား၏ ။

ထိန်နုအိမ်ကြီး၏ အနောက်ဘက်ဧည့်ခန်းအတွင်း လူမျိုးစု ခေါင်းဆောင်ကြီးသည် ကဆာဟာ ခေါ်သော အောင်သွယ်များနှင့် စကားလက်ဆုံကြနေလေ၏ ။

ကဆာအဖွဲ့ကို ခေါင်းဆောင်လာသူမှာ လူမျိုးစုခေါင်းငယ်တန်ဖဲ၏ အောင်သွယ် အဘိုးကြီး ဖြစ်၏ ။ အဘိုးကြီးသည် ၎င်းအဖွဲ့၏ ခေါင်းဆောင်ဖြစ်ပြီး တန်ဖဲ၏ ဂုဏ်ပုဒ်များကို လိုသည်ထက်ပို၍ ချဲ့ထွင်ကာ စကာမင်းတစ်ပါးကဲ့သို့ ပြောဆို လေ၏ ။

မည်သို့ပင်ဖြစ်စေ လူမျိုးစုခေါင်းဆောင်ကြီးသည် ခေါင်းဆောင်ငယ် တန်ဖဲ၏ အရည်အချင်း ကို သိရှိပြီး ဖြစ်သဖြင့် အဘိုးကြီး၏ စကားများကို စိတ်ဝင်စားခြင်းမရှိချေ။

လူမျိုးစုခေါင်းဆောင်ငယ် တန်ဖဲသည် စည်းစိမ်ဥစ္စာနှင့်လက်နက်၊ လူသူအသင့်အတင့်ရှိ၏ ။ တန်ဖဲသည် မိုးထိတောင်၏ အနောက်ဘက် အကျဆုံးအပိုင်းတွင် နေထိုင်သူဖြစ်သဖြင့် လူမျိုးစု ခေါင်းဆောင်ကြီး၏ နယ်မြေလုံခြုံရေးအတွက် ၎င်းသည် အရေးပါနေလေ၏ ။

တန်ဖဲသည် ခေါင်းဆောင်ကြီး၏ တစ်ဦးတည်းသော သမီး ဆွန်လွတ်မရော်ကို စွဲလန်းသော ကြောင့် ကဆာခေါ် အောင်သွယ် လွှတ်၍ တောင်းရမ်းခြင်းဖြစ်၏။

အောင်သွယ်တော်အဘိုးကြီးသည် ခေါင်းဆောင်ငယ်တန်ဖဲ၏ ရဲစွမ်းသတ္တိရှိပုံ၊ အမဲလိုက် ကျွမ်းကျင်ပုံ၊ မင်္ဂလာလက်ထပ်ပွဲအတွက် ကဆာကို အဖိုးတန်ပစ္စည်းများစွာဖြင့် တင်တောင်းနိုင်ပုံ များကို ချဲ့ကားပြောဆိုနေလေ၏။

လူမျိုးစုခေါင်းဆောင်ကြီးသည်ကဆာအဘိုးကြီး၏ စကားကို ခဏကြာအောင် နားထောင် နေပြီးမှ လက်ကာပြ၍

"ခေါင်းဆောင်ငယ်တန်ဖဲဟာ သူ့အရည်အချင်းနဲ့သူ ထိုက်သင့်သလောက်ရှိတယ်ဆိုတာ ကျုပ်သိပြီးသားပါ၊ ဒါကြောင့်တန်ဖဲနဲ့ ကျုပ် သမီးရဲ့ကိစ္စကို ကျုပ်တစ်ပတ်စဉ်းစားမယ်၊ တစ်ပတ် ပြည့်တဲ့အခါ အဖြေပေးမယ်"

ဟု ပြောလိုက်ရာ ကဆာအဘိုးကြီးသည် ရိုကျိုးသောအမူအရာဖြင့် လူမျိုးစု ခေါင်းဆောင် ကြီးကို နှုတ်ဆက်၍

"ကျွန်တော်မျိုးတို့ကို သွားခွင့်ပြုပါ"

ဟု ပြောဆိုလေ၏။

ထို့နောက် ကဆာအဖွဲ့တွင် လိုက်ပါလာသူများသည် အဘိုးကြီး၏ ဦးဆောင်ရာသို့ ပြန်လည်ထွက်ခွာသွားလေ၏။

ကဆာအဖွဲ့ ထွက်ခွာသွားသောအခါ လူမျိုးစုခေါင်းဆောင်ကြီး၏ မိန်းမဒူဂျန်က ခေါင်းဆောင်ကြီး ၏ မျက်နှာကိုကြည့်၍

"တန်ဖဲလိုကောင်မျိုးနဲ့ ကျွန်မသမီးကို သဘောမတူနိုင်ဘူး"

ဟု ပြောလေ၏။ ထိုအခါ လူမျိုးစုခေါင်းဆောင်ကြီးက

"တန်ဖဲလိုကောင်မျိုးက ဘာအရည်အချင်းမှမရှိဘူးဆိုတာ ငါသိတယ်၊

တန်ဖဲဟာ လက်ထက်ပွဲအတွက် ကဆာလည်း အများကြီး မပေးနိုင်ဘူး၊ သူ့နောက်မှာ လက်နက်၊ လူသူအင်အားလည်းမရှိဘူး၊ ပစ္စည်းဥစ္စာလည်း ရှားပါးတယ်၊ ဒါပေမယ့် တန်ဖဲရဲ့ နယ်မြေဟာ မိုးထိတောင်ရဲ့ အနောက်ဘက်အကျဆုံးအပိုင်းမှာရှိတယ်၊ တန်ဖဲဟာ ငါ့ဘက်မှာ မရှိရင် ငါ့ရဲ့နယ်မြေမလုံခြုံသလို အမြဲတမ်းခံစားရတယ်၊ ဒါကြောင့် သမီးကို တန်ဖဲနဲ့ ပေးစားဖို့ ငါဆုံးဖြတ်လိုက်တယ်”

ဟု ပြောလေရာ ခေါင်းဆောင်ကြီး၏ မိန်းမဒုဂျန်က စားပွဲပေါ်ရှိ ကြေးကရားထဲမှ ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်လိုက်ပြီး

“ ဘာပဲဖြစ်ဖြစ် ဆလန်ဝါတစ်ယောက်နဲ့ ကျွန်မသမီးမတန်ဘူး၊ ကျွန်မသမီးကို မုန်းအဆင့် လောက်ရှိတဲ့ လူမျိုးစု ခေါင်းဆောင်ကြီးနဲ့ လက်ထပ်ဖို့ရည်ရွယ်ထားတာ”

ဟု ရေရွတ်ရင်း မျက်လုံးကို မှိတ်လိုက်လေ၏ ။ ထိုအခါ လူမျိုးစု ခေါင်းဆောင်ကြီးက ကြွေခွက်လေးထဲသို့ ခေါင်းရည်အနည်းငယ်ကို ငှဲ့ထည့်လိုက်ပြီး

“ငါတို့ဒေသမှာ စည်းလုံးညီညွတ်မှု ပျက်ပြားနေတယ်၊ နယ်မြေတွေ အားလုံး စိတ်ဝမ်းကွဲနေကြတယ်၊ ဒီအချိန်မျိုးမှာ ကိုယ့်အင်အား ကိုယ်အတောင့်တင်းဆုံး ဖြစ်အောင် လုပ်တာ အကောင်းဆုံးပဲ၊ အင်အားကြီးမှ တန်ခိုးထွားနိုင်မယ်”

ဟု ပြာလေရာ လူမျိုးစုခေါင်းဆောင်ကြီး၏ ဇနီးဒူဂျန်က ခေါင်းခါယမ်း၍

“အင်အားတစ်ခုတည်း ထည့်တွက်နေလို့တော့ ရှင့်မှာ အင်အားကများပြီး အရည်အချင်း မရှိဘူးဆိုရင် ဘာတတ်နိုင်မှာလဲ၊ တန်ဖဲဟာ အရည်အချင်းရှိတဲ့ ခေါင်းဆောင် တစ်ယောက် မဟုတ်ဘူး”

ဟု ပြောလေ၏ ။ ထိုအခါ လူမျိုးစုခေါင်းဆောင်ကြီးက ခေါင်ရည်ကို

သောက်လိုက်ပြီး

" ဘာပဲဖြစ်ဖြစ် တန်ဖဲဟာ ဆလန်ဝါတစ်ယောက်ပါ၊ သူဟာ မိုးနတ်ကို ပူဇော်ခွင့်ရှိတယ်၊ မဒိုင်နတ်ကို ပူဇော်နိုင်တယ်၊ အမဲပေါင်ကို လက်ခံနိုင်တယ်၊ ရိုးရာနတ်ပူဇော်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ် တန်ဖဲလိုကောင်ကို မျက်လုံးမှိတ်ပြီး သမက်တော်နိုင်ပါတယ်၊ ငါ့တို့မှာ တော်နိုင်စရာ သမက်က လည်း ဒီတစ်ယောက်တည်းရှိတာပဲ"

ဟု ပြောလေ၏။ လူမျိုးစုခေါင်းဆောင်ကြီး ဆွန်လွတ်သည် အခြားသော ခေါင်းဆောင်များ ကဲ့သို့ သားသမီးများများစားစား ထွန်းကားခြင်းမရှိချေ။

ခေါင်းဆောင်ကြီး၏ ကတော် ဒူဂျန်သည် သက်ပြင်းချလိုက်ပြီး

"ရှင်ခေါင်လွမ်းကို မေ့ထားတာကိုး၊ ခေါင်လွမ်းဟာလည်း ကျွန်မတို့ရဲ့ သားတစ်ယောက် ပါပဲ"

ဟု ပြောလေ၏။ ထိုအခါ လူမျိုးစုခေါင်းဆောင်ကြီးက ခေါင်းခါယမ်းလိုက်ပြီး

"ခေါင်လွမ်းဟာ ငါတို့ရဲ့သားအရင်းမှမဟုတ်တာ၊ သူဟာ ငါတို့ရဲ့ မွေးစားသား တစ်ယောက်ပဲ၊ ဒါကြောင့် ငါ့ရဲ့နေရာကို ဆက်ခံနိုင်ခွင့်မရှိဘူး၊ နောက်ပြီး သူဟာ ငါတို့အမျိုး အနွယ်လည်း မဟုတ်ဘူး"

ဟု ပြောလေ၏။ ထိုအခါ မျိုးနွယ်စုခေါင်းဆောင်ကြီး၏ မိန်းမ ဒူဂျန်က

" ဘာပဲဖြစ်ဖြစ် ခေါင်လွမ်းဟာ ယောကျ်ားကောင်းတစ်ယောက်ရဲ့ အရည်အချင်းရှိတယ်၊ ရှင် ခေါင်းလွမ်းရဲ့ အစွမ်းတွေကိုလျှော့မတွက်ပါနဲ့၊ သူဟာ ဒီရွာမှာ ရှင်ကလွဲရင် အမဲလိုက် အကောင်းဆုံး၊ ရှင်ကလွဲရင် မြားပစ်အတော်ဆုံးပဲ"

ဟု ပြောလေ၏။ လူမျိုးစုခေါင်းဆောင်ကြီးက မျက်မှောင်ကြုတ်၍

" ဘာပဲဖြစ်ဖြစ် သူဟာ တို့အမျိုးအနွယ်မဟုတ်ဘူး၊ ငါ့ရဲ့ နေရာကို

မဆက်ခံနိုင်ဘူး၊ ငါတို့မှာ ဘာဖြစ်လို့ သမီးတစ်ယောက်တည်း ထွန်းကားနေရတာလဲ၊ သားသမီးတွေအများကြီးရဖို့ မဒိုင်နတ်ကို ငါ အကြိမ်ကြိမ်ပူဇော်ပြီးပြီ၊ ဒါပေမယ့် နတ်မင်းကတော့ ငါ့ကို သားသမီးတွေ မပေးခဲ့ ပါဘူး၊ ငါ့မှာ မွေးစားသားတစ်ယောက်ပဲရှိတယ်၊ ဒါပေမယ့် သူဟာငါ့အတွက် အသုံးကျမယ် မထင်ဘူး”

ဟု ပြောလေ၏ ။ လူမျိုးစုခေါင်းဆောင်ကြီး၏ စကားကြောင့်ဇနီး၏ ဇနီးဒူဂျန်က

“ ရှင်ဘာဖြစ်လို့ ခေါင်လွမ်းကို ဒီလောက်တောင် အထင်သေးနေရတာလဲ”

ဟု မေးမြန်းလေ၏ ။ ထိုအခါ လူမျိုးစုခေါင်းဆောင်ကြီးကမျက်မှောင်ကြုတ်၍

“ ခေါင်လွမ်းရဲ့ စိတ်ဓာတ်ကို ငါသိတယ်၊ သူဟာ ငါတို့ အရပ်ဒေသမှာ နေမဲ့သူမဟုတ်ဘူး၊ သူ့ရဲ့ စိတ်အာရုံဟာ အမြဲတမ်း ကမ္ဘာအရပ်ရပ်က နေရာဒေသတစ်ခုမှာရှိတယ်၊ ဒါကြောင့်လည်း လားထိန်းတိဘက်ကြီးဆီမှာ သူ အမြဲရှိနေတာပေ့ါ”

ဟု ပြောလေ၏ ။ ထိုအခါ လူမျိုးစုခေါင်းဆောင်ကြီး၏ ဇနီး ဒူဂျန်က သက်ပြင်းချ၍

“ ရှင် သူ့ကို စည်းရုံးသိမ်းသွင်းဖို့ မကြိုးစားတော့ဘူးလား”

ဟု မေးမြန်းလေ၏ ။ မျိုးနွယ်စုခေါင်းဆောင်ကြီးက ခေါင်းခါယမ်း၍

“ သူ့ရဲ့ဗီဇကို ငါ ငယ်စဉ်ကတည်းက ရိပ်စားမိခဲ့တယ်၊ သူဟာ ဘယ်လိုလူမျိုးမှ ပြုပြင် ပြောင်းလဲပေးလို့ရမယ့်လူမျိုး မဟုတ်ဘူး၊ အလွန်ခေါင်းမာတဲ့ကောင်ကွ”

ဟု ပြောကာ ကြွေပန်းကန်ထဲသို့ ခေါင်းရည်အနည်းငယ်ကို ထည့်ကာ မော့သောက်လိုက် လေတော့၏။

ထိုအချိန်တွင် ထိန်နုအိမ်ကြီး၏ အနောက်ဘက်ရှိ အခန်းတစ်ခန်းတွင် မိန်းမပျိုသုံးဦးသည် တစ်စုံတစ်ရာ ကို အရေးတကြီးတိုင်ပင်နေလေ၏။

ထိုမိန်းမပျိုသုံးဦးအနက် တစ်ဦးမှာ မျိုးနွယ်စုခေါင်းဆောင်ကြီး၏ သမီး ဆွန်လွတ်မရော် ဖြစ်၏။ ဆွန်လွတ်မရော်သည် သူမ၏ မိန်းကလေး အဖော်နှစ်ယောက်ကိုကြည့်၍

" ငါ့ါဘဂတော့ အရှင်လတ်လတ် ငရဲကျတော့မယ်၊ အဖေက ငါ့ကို တန်ဖဲဆိုတဲ့ကောင်ကြီးနဲ့ သဘောတူလိုက်ပြီ"

ဟု ပြောလေ၏။ ထိုအခါ အခြွေအရံမိန်းကလေးနှစ်ဦးက

" တန်ဖဲဟာ ရုပ်မချောပေမယ့် အရည်အချင်းရှိတဲ့ လူတစ်ယောက်ပါပဲ၊ သခင်မအတွက် အိမ်ထောင်ဖက်အဖြစ် မမှားနိုင်ပါဘူး"

ဟု သက်သေလိုက်လေ၏။ ကျန်သော အခြွေအရံမိန်းကလေးတစ်ဦးတည်း ဝင်ရောက်၍

" ဟုတ်တယ်၊ သူဟာ ရုပ်ရည်ကြမ်းတမ်းခက်ထန်ပေမယ့် ထိုက်သင့်တဲ့ ရာထူးအရှိန်အဝါရှိသူ တစ်ယောက်ပဲ၊ စည်းစိမ်ဥစ္စာလည်း သင့်သလောက်ရှိတယ်၊ သူ့ကို သခင်မ လက်သင့်ခံနိုင် ပါတယ်"

ဟု ဝင်ရောက်၍ ပြောဆိုပြန်၏။ ထိုအခါ ဆွန်လွတ်မရော်သည် သူမ၏ အခြွေအရံ မိန်းကလေးနှစ်ဦးကို ဒေါသတကြီးကြည့်၍ ခေါင်ရည်ထည့်ထားသော ကြွေခွက်ကို နံရံသို့ ပစ်ပေါက် လိုက်ပြီး

"ဒီလောက်ရုပ်ဆိုးပြီး အကျည်းတန်တဲ့လူတစ်ယောက်ကို ငါက လက်ထပ်ရမယ် ဟုတ်လား၊ နင်တို့အဆင့်နဲ့တော့ ဟုတ်မှာပေ့ါ၊ ငါ့အနေနဲ့

ဘာမှမဟုတ်တဲ့ ဆလန်ဝါတစ်ယောက်ကို လက်ထပ်ဖို့ မစဉ်းစားဘူး၊ ငါဟာ မုန်းအဆင့်ရှိတဲ့ အကြီးအကဲတစ်ယောက်ကိုမှ လက်ထပ်ဖို့ စီစဉ်ထားတာ”

ဟု ပြောလေ၏။

ထိုအခါ သူမ၏ မိန်းကလေးနှစ်ဦးသည် ဆွန်လွတ်မရော်အား နှစ်သိမ့်ရန် မဝံ့ရဲတော့ဘဲ ငြိမ်သက်စွာဖြင့် ကြည့်နေကြလေ၏။ ထိုအခါ ဆွန်လွတ်မရော်သည် ဝမ်းနည်းလွန်းသဖြင့် ရှိုက်ကြီးတင် ငိုချလိုက်လေတော့၏။

ဆွန်လွတ်မရော်ငိုကြွေးနေစဉ် သူ၏ ပြတင်းပေါက်သို့ တစ်စုံတစ်ဦး ရောက်ရှိလာပြီး အခန်းထဲသို့ ခိုဆွဲ၍ ဝင်လိုက်၏။ ထိုလူကိုမြင်သောအခါ ဆွန်လွတ်မရော်သည် ငိုကြွေးခြင်းကို ရပ်တန့်၍

“ ခေါင်လွမ်း နင်ငါ့ရဲ့ ဒုက္ခကိုမကယ်နိုင်တော့ဘူးလား”

ဟု ပြောလေ၏။ ထိုအခါ ပြတင်းပေါက်မှဝင်လာသော လူငယ်က ကြွေးအိုးထဲမှ ခေါင်ရည်တစ်ချိုင့်ကို ငှဲ့ယူ၍ သောက်လိုက်ပြီး

“အစ်မအတွက်တော့ စိတ်မကောင်းပါဘူး၊ ဒါပေမယ့် တန်ဖဲနဲ့ ယူဖို့ကိစ္စကို အစ်မ ဘယ်တော့မှ ရှောင်လွှဲလို့ရမှာမဟုတ်ဘူး၊ ဘာကြောင့်လဲဆိုတော့ အဖေဟာ သူ့ရဲ့ အာဏာစက် ခိုင်မာတောင့်တင်းဖို့အတွက် တန်ဖဲကို သူ့လက်အောက်မှာ သိမ်းသွင်းဖို့လိုအပ်နေတယ်”

ဟု ပြောလေ၏။ ခေါင်းလွမ်း၏ စကားကြောင့် ဆွန်လွတ်မရော်သည် ဝမ်းပမ်းတနည်း ငိုကြွေးနေရာမှ

“ မောင်လေး မင်းငါ့ကို မကူညီချင်တော့ဘူးလား၊ ငါတန်ဖဲကို လုံးဝမယူချင်ဘူး”

ဟု ပြောဆိုလေ၏။ ထိုအခါ ခေါင်လွမ်းဆိုသော လူငယ်က မိန်းမလှ ဆွန်လွတ်မရော်ကို ကြည့်၍

“ အစ်မ တန်ဖဲကို မလိုချင်ရင် နည်းလမ်းတစ်လမ်းပဲရှိတယ်၊ အဲဒီ နည်းလမ်းကတော့ မျိုးနွယ်စုခေါင်းဆောင်ကြီးရဲ့ သမီးအဖြစ်က စွန့်လွှတ်ရမယ်၊ ဒူမျိုးနွယ်စုဘဂကနေ ဆင်းရဲနွမ်းပါး တဲ့ဘဂကို လျှောက်ရမယ်၊ နောက်ပြီးတော့ အစ်မ ဒီနယ်မြေက ကိုယ်လွတ်ရုန်းပြေးရမယ်၊ အစ်မ လွတ်မြောက်သွားသည့်တိုင် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဒူအမျိုးနွယ်တွေရဲ့ ပြစ်ဒဏ်ခတ်ခြင်းကို ခံရမယ်၊ ဒါတွေအားလုံးကို အစ်မ ခံနိုင်ရည်ရှိမယ်ဆိုရင်တော့ ကျွန်တော် အစ်မကို လွတ်မြောက်ရာနေရာကိုခေါ်ဆောင်သွားပါ့မယ်”

ဟု တည်ငြိမ်သောလေသံဖြင့် ပြောလိုက်ရာ ဆွန်လွတ်မရော်သည် လူငယ်၏ မျက်နှာကို ကြည့်၍ ဂမ်းပမ်းတနည်းငိုရှိုက်လိုက်လေတော့၏

ခေါင်လွမ်းဆိုသောလူငယ်က နံရံတွင်ချိတ်ဆွဲထားသော ဆင်စွယ်ရိုးတပ် ဓါးငယ်လေး တစ်ချောင်းကို ကောက်ယူလိုက်ပြီး

“ဒါဟာ ဒူအမျိုးအနွယ်ဝင်တစ်ယောက်ဖြစ်တဲ့အတွက် အစ်မဘဂအတွက် ပထမဆုံး နောင်တရ ခြင်းပဲဖြစ်ပါစေ”

ဟု ပြောရင်း ဆွန်လွတ်မရော်၏ အနားမှ ထွက်ခွာသွားလေတော့၏ ။

*

တစ်ပတ်ပြည့်သောနေ့တွင် မျိုးနွယ်စုခေါင်းဆောင်ငယ် တန်ဖဲ၏ ကဆာများ ထပ်မံ ရောက်ရှိလာ၏ ။ တန်ဖဲသည် ဒူအမျိုးအနွယ်ဝင်သမီးပျိုတစ်ယေက်ကို တောင်းရမ်းရန်ဖြစ်သဖြင့် လက်ဆောင်ပစ္စည်းများအဖြစ် မောင်းကြီးတစ်လုံး၊ ပိုးပုဆိုး၊တောင်ရှည်တစ်အုပ်၊ ကော်ဇော်၊ ရွှေနားတောင်း စသော ပစ္စည်းများကို ယူဆောင်လာလေ၏ ။

မျိုးနွယ်စုခေါင်းဆောင်ကြီးသည် တန်ဖဲအား သူ၏ သမီးနှင့် လက်ဆက်ရန် သဘောတူညီ သဖြင့် တန်ဖဲပေးအပ်သော ဖဂါလက်ဆောင် ပစ္စည်းများကို လက်ခံယူလိုက်၏။

ထိုအခါ တန်ဖဲဘက်မှ ကဆာ(ခေါ်)အောင်သွယ်အဘိုးကြီးသည် ဝမ်းမြောက်ဝမ်းသာဖြစ် သွားလေ၏။

ထို့နောက် မျိုးနွယ်စုခေါင်းဆောင်ကြီးအား ကဆာအဘိုးကြီးက ဓါးတစ်ချောင်းနှင့် လှံတစ်ချောင်းကို ပေးအပ်လိုက်၏။ ထိုသို့ ဓါးနှင့်လှံကို ပေးအပ်ခြင်းမှာ ၎င်းတို့၏ လက်ထပ်ပွဲကို သဘောတူညီကြောင်း လက်ခံအတည်ပြုလိုက်ခြင်းဖြစ်၏။

ထိုအခါ ကဆာအဖွဲ့၏ ခေါင်းဆောင်အဘိုးကြီးက ဂျာဖဂါ (ခေါ်) ကညာကြေးကို ပေးအပ်ရန် အတွက် မျိုးနွယ်စုခေါင်းဆောင်ကြီးထံတွင် ဆွေးနွေးညှိနှိုင်းလေ၏။

ထိုအခါ မျိုးနွယ်စုခေါင်းဆောင်ကြီးက လက်ကာပြ၍

"ကျုပ်အတွက် ဖဂါတွေ များများစားစား မလိုချင်ဘူး၊ ရိုးရာထုံးစံအတိုင်း ပိုးဝတ်ရုံ တစ်ထည်၊ ပိုးပုဆိုး၊ ပိုးတောင်ရှည်တစ်ထည်၊ ကျွဲငါးကောင်လောက်ရရင် ကျေနပ်တယ်၊ ကျုပ် တန်ဖဲကို သမီးနဲ့သဘောတူတာ ဂျာဖဂါအတွက် မဟုတ်ဘူး"

ဟု ပြောလေရာ တန်ဖဲဘက်မှ ကဆာအဖြစ်လိုက်ပါလာသော အဘိုးကြီးသည် မျိုးနွယ်စု ခေါင်းဆောင်ကြီးအား စိတ်ထားမြင့်မြတ်ပြီး အမျိုးကောင်းသားဖြစ်ကြောင်း ချီးမွမ်းလိုက်လေ၏။

ထိုနောက် ကဆာအဖွဲ့မှ အဘိုးကြီးနှင့် မျိုးနွယ်စုခေါင်းဆောင်ကြီးသည် လက်ထပ်မင်္ဂလာပွဲ အတွက် ရက်မြတ်မင်္ဂလာကို သတ်မှတ်လိုက်ကြလေတော့၏

မင်္ဂလာရက်သတ်မှတ်ပြီးနောက် သတို့သမီးအား

စောင့်ရှောက်မည့်နတ်ကို ပူဇော်ရန် အတွက် သတို့သားဘက်မှ ကျွဲတစ်ကောင်ကို ပေးအပ်လေ၏။

သတို့သမီးမိခင်အတွက်လည်း သမီးကိုယ်စား အလွမ်းပြေ ကြည့်ရှုရန် သန္တာပုတီး တစ်ကုံးကို ယူဆောင်သွားရ၏။ ထိုပွဲ၌ သတို့သား၊ သတို့သမီးဘက်မှ ဧည့်ပရိသတ်များ စုံစုံညီညီ လာရောက်ကြ၏။

ဧည့်ပရိသတ်များကို ထမင်းဟင်း၊ အရက်ခေါင်ရည် စသဖြင့် သတို့သမီးဘက်မှ ဧည့်ခံကျွေးမွေးရလေ၏။

ထိုရက်ပိုင်းအတွင်း ခေါင်းဆောင်ကြီး၏ သမီး ဆွန်လွတ်မရော်သည် နေ့စဉ် ငိုယို၍ သာ နေလေ၏။

သူမ၏ အမေ ဒူရျန်သည် သမီးဖြစ်သူကို နှစ်သိမ့်၍

“သမီး ဘာလို့ဂမ်းနည်းနေရတာ လဲ၊ ဒါဟာ အမေတို့ မိန်းမသားတွေအတွက် ဖြစ်ရိုးဖြစ်စဉ် ကိစ္စတစ်ခုပါ”

ဟု ပြောလေရာ ဆွန်လွတ်မရော်က မိခင်ဖြစ်သူကိုကြည့်၍

“ဒီလူကြီးဟာ အင်မတန်ရုပ်ဆိုးတယ် အမေ၊ သူ့ကို သမီးလက်မထပ်ချင်ဘူး”

ဟု ပြောလေ၏။ ထိုအခါ ဒူဂျန်က

“သမီးဖြစ်နေတဲ့ခံစားမှုမျိုးကို လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လောက်က အမေခံစားဖူးတယ်၊ အဲဒီ တုန်းက မင်းအဖေဟာ အလွန် တန်ခိုးထွားနေတဲ့ မျိုးနွယ်စုခေါင်းဆောင်ကြီးတစ်ယောက်ပေ့ါ။ အမေဟာ ဒူအမျိုးအနွယ်ဝင်တစ်ယောက်ဖြစ်တဲ့အတွက် မင်းအဖေရဲ့ကမ်းလှမ်းခြင်းကို ခံခဲ့ရတယ်၊ အဲဒီ တုန်းက အမေ့ရဲ့မိဘတွေကို သမီးလိုပဲ ငိုယိုပြီးပြောခဲ့တာပဲ၊ အဲဒီ တုန်းက ခံစားမှုတွေဟာ အခုအချိန်မှာ အားလုံးပျောက်ဆုံးသွားပါပြီ၊ တန်ဖဲဟာ

ခေါင်းဆောင် ငယ်တစ်ယောက် ဖြစ်ပေမယ့် ထိုက်သင့်တဲ့ အရည်အချင်း ရှိသူတစ်ယောက်ပါ၊ သမီးသူ့ကို လက်ထပ်လိုက်ရင် တစ်သက်လုံး နောင်တရမယ်မထင်ပါဘူး”

ဟု ပြောလေ၏။ ထိုအခါ ဆွန်လွှတ်မရော်သည် မိခင်ဖြစ်သူကိုဖက်၍ ငိုယိုလိုက်ပြန်သည်။ လူမျိုးစုခေါင်းဆောင်ကြီး၏ မိန်းမဒူဂျန်က သမီးဖြစ်သူကို ဖက်၍

“အရာအားလုံးကို အချိန်ကကုစားသွားပါသမီးရယ်”

ဟု တီးတိုးပြောလိုက်လေ၏။

*

ထိုနေ့မှစ၍ မင်္ဂလာပွဲကျင်းပရန် မျိုးနွယ်စုခေါင်းဆောင်ကြီး၏ တပည့်တပန်းများအားလုံး အလုပ်ရှုပ်နေကြ၏။ မျိုးနွယ်စု ခေါင်းဆောင်ကြီး၏ သမီး မင်္ဂလာပွဲဖြစ်သဖြင့် ခမ်းနားကြီးကျယ်၏။

ထိုမင်္ဂလာပွဲကြီးကို ခုနှစ်ရက်တိုင်တိုင် ကျင်းပရန် ပြင်ဆင်ထား၏။

မင်္ဂလာပွဲသို့ လာရောက်သူများလည်း အလျှံအပယ် ကျွေးမွေးရန် အတွက်အစစ အရာရာပြင်ဆင်ရ၏။

ပတ်ဝန်းကျင်ဒေသရှိ လူထုပရိတ်သတ်ကိုလည်း ဖိတ်ကြားပြီး ကျွေးမွေးရ၏။

မင်္ဂလာပွဲနှင့်သက်ဆိုင်သော နတ်အသီးသီးကိုလည်း ပူဇော်ပသရ၏။

ထိုရက်များအတွင်း မျိုးနွယ်စု ခေါင်းဆောင်ကြီး၏ မွေးစားသား

ခေါင်လွှမ်းသည် မင်္ဂလာပွဲတွင်ရှိမနေဘဲ ဖခင်၏ လားထိန်း တိဘက်ကြီးထံတွင် ရောက်ရှိနေတတ်၏ ။

ဖခင်၏ လားထိန်းကြီးသည် လူထူးဆန်းကြီးတစ်ဦးဖြစ်၏ ။ သူသည် ဝေးလံလှသော တိဘက်ပြည်မှ ဤဒေသသို့ပအရောက်လာပြီး လားထိန်းသောအလုပ်ကို လုပ်ကိုင်နေ၏ ။

ဖခင်ထံတွင်လားထိန်းအဖြစ်ရရှိသောငွေကြေးမှာ မက်လောက်စရာမရှိချေ။

သို့သော် လူထူးလူဆန်း တိဘက်ကြီးသည် ဤအရပ်၌ ခင်တွယ်နေပုံရ၏ ။

လွန်ခဲ့သော ခုနှစ်နှစ်ခန့်ကပင် ခေါင်လွှမ်းသည် လားထိန်း တိဘက်ကြီးထံသို့ ဝင်ရောက်ပြီး လည်ပတ်တတ်၏ ။ ထိုအခါ လားထိန်းကြီးက ခေါင်လွှမ်းကို ခင်စွာကြိုဆို၍ တိဘက်မုန့်များဖြင့် ဧည့်ခံလေ၏ ။

တိဘက်တို့၏ မုန့်များသည် ချိုဆိမ့်သော အရသာရှိသဖြင့် ခေါင်လွှမ်းသည် အလွန်နှစ်သက် ၏ ။

ထိုအပြင် တိဘက်တို့သောက်သုံးလေ့ရှိသော ထောပတ် လက်ဘက်ရည်ကိုလည်း ခေါင်လွှမ်းသည် နှစ်သက်စွာ သောက်သုံးသတ်၏ ။

ဤသို့ဖြင့် တိဘက်လားထိန်းကြီးထံသို့ မကြာခဏ သွားရောက်လတ်ပတ်တတ်လေ၏ ။

ခေါင်လွှမ်းသည် တောလိုက်မုဆိုးများက သားကောင်လိုက်သော အတတ်ပညာကို သင်ကြားပေးရန် တောထဲသို့ခေါ်သည့်အခါ အမျိုးမျိုးလှည့်ပတ်၍ မလိုက်ဘဲနေတတ်၏ ။

မုဆိုးများသည် သူတို့အား ခေါင်လွှမ်းက

အကြိမ်ကြိမ်လှည့်စားပါများလာသောအခါ လူမျိုးစုခေါင်းဆောင်ကြီးထံသို့ ခေါင်လွှမ်း၏ အပြုအမူကို တိုင်ကြားကြ၏။

ထိုအခါ လူမျိုးစုခေါင်းဆောင်ကြီးသည် ဒေါသူပုန်ထပြီး ခေါင်လွှမ်းအား အပြစ်ဒဏ်ခတ်ရန် ကြံ၏။ ထိုအခါ ခေါင်လွှမ်းက လက်ကာပြ၍

"အဖေခဏနေဦး၊ ကျွန်တော် မုဆိုးနဲ့လိုက်ပြီးသားကောင်လိုက်တဲ့အတတ်ပညာကို မသင်ယူလို့ အဖေ စိတ်ဆိုးနေတယ် မဟုတ်လား၊ ဒါဆိုရင် သားကောင်လိုက်တဲ့ အတတ်ပညာနဲ့ ပတ်သက်တဲ့ မေးခွန်းတွေကို မေးကြည့်ပါ၊ အဖေကျုပ်ကိုမမေးခင် တောထဲကို လိုက်သွားတဲ့ကျုပ်နဲ့ရွယ်တူ ကလေးတွေကို အရင်မေးကြည့်ပါ၊ သူတို့ကိုမေးပြီးရင် ကျုပ်ကို လာမေး ပါ၊ ကျုပ်ရဲ့အဖြေဟာသူတို့ကို မမှီဘူးဆိုရင် ကျုပ်ကို ကြိုက်သလို အပြစ်ဒဏ်နိုင်ပါတယ်"

ဟုပြောလေ၏။

ထိုအခါ လူမျိုးစု ခေါင်းဆောင်ကြီးသည် ဒေါသတကြီးဖြင့် မုဆိုးများနှင့် အတူတောထဲသို့ လိုက်သွားသော လူငယ်များကို ခေါ်၍ တော၏ ပရိယာယ်များကို မေးမြန်းလေ၏။

ထိုအခါ လူငယ်များက လူမျိုးစုခေါင်းဆောင်ကြီးအား ၎င်းတို့သိကျွမ်းသမျှ ဖြေလေ၏။

လူမျိုးစုခေါင်းဆောင်ကြီးသည်ဉာဏ်ရည်အထက်မြတ်ဆုံး လူငယ်လေးယောက်ကို မေးမြန်းပြီး နောက် ခေါင်လွှမ်း၏ ဘက်သို့လှည့်၍ ရောက်ရှိလေ၏။

ခေါင်းဆောင်ကြီးက ခေါင်လွှမ်းကို မျက်မှောင်ကြုတ်ကြည့်၍

"မင်းဟာငါ့ရဲ့သားဖြစ်တယ်၊ ငါ့သားဟာ ငါ့ရဲ့ခြေရာကို နင်းနိုင်ရမယ်၊ ဘာမဟုတ်တဲ့ ရွာသားတွေရဲ့ သားသမီးတွေက တောရဲ့ ပရိယာယ်ကို ကောင်းကောင်းကြီး ဖြေဆိုသွားနိုင်တယ်၊ မင်းရဲ့အလှည့်ရောက်မှ သူတို့လောက်

မဖြေနိုင်ရင် ငါ့ကိုအဆိုးမဆိုနဲ့”

ဟု ဆိုကာ တောနှင့်ပတ်သက်သော ပရိယာယ်များ သားကောင်လိုက်ရာတွင် စောင့်ထိန်းရသော စည်းကမ်းများစသည့်အချက်အလက်များကို စိတ်တိုင်းကျ မေးမြန်းလေ၏။

ထိုသို့မေးမြန်းသောအခါ ခေါင်လွမ်းသည် ရွာထဲရှိ ရွယ်တူလူငယ်များထက် ပိုမို၍ ကောင်းမွန်စွာဖြေဆိုနိုင်၏။

ခေါင်လွမ်း၏ ဖြေဆိုပုံများသည် တောကျွမ်းသောမုဆိုးတစ်ဦးကဲ့သို့ ရှိလေ၏။

ထိုအခါ လူမျိုးစု ခေါင်းဆောင်ကြီးသာမက ၎င်းတို့အား ပညာသင်ပေးသော မုဆိုးများပင် တအံ့တဩဖြစ်ရလေ၏။

လူမျိုးစုခေါင်းဆောင်ကြီးက ခေါင်လွမ်း၏ ပခုံးကိုပုတ်၍ ဒီအဖြေတွေ မင်းကို ဘယ်သူ သင်ပေးသလဲ”

ဟု မေးမြန်းလေ၏။

ထိုအခါ ခေါင်လွမ်းက မုဆိုးများကို ရယ်ကျဲကျဲအမူအရာဖြင့်

“ကျုပ်ရဲ့ဆရာက လားထန်းတိဘက်ကြီးပဲ”

ဟု ပြောလေရာ ခေါင်းဆောင်ကြီးသည် လွန်စွာ အံ့ဩသွားလေ၏။

ခေါင်လွမ်းသည် လားထိန်းကြီးထံသို့ ဝင်ထွက်သွားလာရင်း ပညာဗဟုသုတများကို သင်ယူခွင့်ရ၏။

လားထိန်းကြီးသည် ကမ္ဘာလောကကြီးအကြောင်းရထောင့်စုံမှ သင်ပြလေ၏။

လူလောကတွင် လားထိန်း တိဘက်ကြီးမသိသောအရာ မရှိဟူ၍

ပင်ထင်မြင်မိ၏။

ခေါင်လွမ်းက

“ကျုပ်အစ်ရဲ့ လက်ထပ်မင်္ဂလာပွဲကို ဦးလေး ဘယ်လိုမြင်သလဲ”

ဟု မေးမြန်းလေ၏။

ထိုအခါ လားထိန်း တိဘက်ကြီးက

“လောကမှာ မြင်တဲ့အတိုင်း လျှောက်ပြောရင်မကောင်းဘူး လူဆိုတာ ပါးစပ်စည်းရှိ ရတယ်ကွ”

ဟု ပြောလေ၏။

ထိုအခါ ခေါင်လွမ်းက

“ကျုပ်သိချင်လို့ပါဗျာ၊ ပြောပြစမ်းပါ မင်္ဂလာပွဲဟာ ရှေ့ဆက်ပြီး ဘယ်လိုဖြစ်မယ်ထင်သလဲ”

ဟု မေးမြန်းလေ၏။

ထိုအခါ လားထိန်းကြီးက

“ငါဟာ အနာဂတ်ကို မြင်တဲ့ ဗေဒင်ဆရာလည်း မဟုတ်ဘူး ဒါကြောင့် မင်္ဂလာပွဲရဲ့ အနာဂတ်ဟာ ဘာဖြစ်မယ်ဆိုတာ ကြိုတင်တွက်ဆပြီး မပြောပြနိုင်ပါဘူး”

ဟု ပြောလေ၏။

ထိုအခါ ခေါင်လွမ်းက

“ချင်ဗျားတစ်ခုပြောနိုင်ပါတယ်ဗျာ၊ ခင်ဗျားနဲ့ ကျုပ်ပေါင်းလာတာ နှစ်ပေါင်းများစွာကြာပြီ၊ ခင်ဗျားရဲ့ ရင်ထဲမှာ ဘာရှိတယ်ဆိုတာ ကျုပ်သိတယ်”

ဟု ပြောလေ၏။

ထိုအခါ လားထိန်းကြီးက ရယ်မော၍

“မင်းကတော့ ငါ့ရဲ့ ရင်ထဲမှာ ဘာရှိတယ်ဆိုတာတောင် သိနေပြီကိုး၊ ငါဟာ မင်္ဂလာပွဲနဲ့ ပတ်သက်ပြီးတော့ ဗေဒင်ဆရာ တစ်ယောက်လိုတော့ မပြောနိုင်ဘူးကွာ၊ ဒါပေမယ့် မှန်းဆ ကြည့်ပြီးတော့ ပြောနိုင်တာတစ်ခုကတော့ သတိုးသားလောင်း တန်ဖဲဟာ ကောင်းမယ့်လူ မဟုတ်ဘူးကွ၊ ဒီကောင်က လောဘရမ္မက်ကြီးတယ် သူကျင်လည်ရတဲ့ နယ်မြေကျဉ်းကျဉ်းလေးနဲ့ ကျေနပ်ပုံမရဘူး၊ သူလို ခေါင်းဆောင်ငယ်အဆင့်ရှိတဲ့ ကောင်မျိုးဟာ မင်းအဖေမှန်းအဆင့်ရှိတဲ့ မျိုးနွယ်စုဝင်လူကြီးဆီမှာ သမီးကိုတောင်းဝံ့တယ်ဆိုတာ နည်းတဲ့သတ္တိမဟုတ်ဘူးကွ၊ သူဟာ မင်းအဖေ ဘာလိုချင်လဲဆိုတာ သိတယ်၊ မင်းအဖေဟာ သူရဲ့ကြီးမားကျယ်ပြန့်လှတဲ့ ပိုင်နက်ကို လုံခြုံဖို့ ကြိုးစားနေတယ်၊ တန်ဖဲဟာ မိုးထိတောင်ရဲ့ အစွန်အဖျားကို အုပ်ချုပ်ရတဲ့ ခေါင်းဆောင်ငယ်တစ်ဦးပဲ၊ ဒါကြောင့် မင်းအဖေဟာ တန်ဖဲကို သိမ်းသွင်းချင်တဲ့ ဆန္ဒရှိမယ်ဆိုတာ ဒီကောင် ရိပ်စားမိတယ်၊ ဒါကြောင့် သူ့လိုအဆင့်နဲ့ မင်းရဲ့အစ်မကို လာပြီး တောင်းရမ်းဝံ့တာပဲ၊ သူဟာအလွန် ကြွယ်ဝချမ်းသာတဲ့ မင်းအဖေ ကျေနပ်လောက်အောင် လက်ဆောင်တွေ မပေးနိုင်ဘူးဆိုတာသိတယ်၊ ဒါပေမယ့် မင်းအဖေဘာလိုချင်သလဲဆိုတာ သူကြိုသိတဲ့အတွက် မင်းရဲ့အစ်မကို ရဲရဲဝံ့ဝံ့ကြီး တောင်းခံတာပဲ၊ အခုလည်း သူထင်တဲ့အတိုင်း မင်းအဖေဟာ မင်းအစ်မနဲ့ သဘောတူကြည်ဖြူလိုက်ပြီလေ၊ ဒါဟာ မျိုးနွယ်စု ခေါင်းဆောင်ငယ်တစ်ဦးရဲ့ အောင်မြင်မှုပဲ”

ဟု ပြောလေရာ ခေါင်လွမ်းက မျက်မှောင်ကြုတ်၍ နားထောင်နေပြီးမှ

“သိပ်ဖြစ်နိုင်တယ်၊ အဖေ ဘာကြောင့် တန်ဖဲလိုကောင်မျိုးကို အစ်မနဲ့သဘောတူသလဲ ဆိုတာ အရင်က မတွေးမိခဲ့ဘူး၊ ခင်ဗျား ပြောမှပဲ သဘောပေါက်တော့ တယ်၊ ဒီမှာ လားထိန်းကြီး၊ ခင်ဗျားဟာ

အတော်ဉာဏ်ကြီးတဲ့လူပဲ”

ဟု ချီးမွမ်းလိုက်လေရာ လားထိန်းသမား တိဘက်ကြီးက တဟားဟားရယ်မော၍

“ဟား ဟား ဟား ....လူသားတွေရဲ့ဦးနှောက် ဟာ တစ်ယောက်နဲ့တစ်ယောက် မကွာခြားလှပါဘူးကွာ၊ ဉာဏ်ရည် ဉာဏ်သွေးထက်မြက်တယ်ဆိုတာ ဦးနှောက်ကို မကြာခဏ အသုံးချပြီး ထက်မြက်အောင် လေ့ကျင့်ထားလို့ကွ၊ ဒါကြောင့် ထက်မြက်ချင်တဲ့လူဟာ ကိုယ့်ကိုယ်ကို ဓါးသွေးကျောက်လို အမြဲတမ်းသွေးနေရတယ်၊ လူဆိုတာ သွေးလေထက်လေကွ”

ဟု ပြောလေရာ ခေါင်းလွှမ်းက သဘောကျဟန်ဖြင့်

“သွေးလေထက်လေ ဟုတ်လား၊ ဒါဆိုရင် လူဟာ ဓါးတစ်ချောင်းဖြစ်နေပြီပေါ့ဗျ”

ဟု ပြောလေရာ လားထိန်းသမား တိဘက်ကြီးက

“လူဟာ အမြဲတမ်း ဓါးတစ်ချောင်းလို ထက်သထက်ထက်အောင် သွေးနေရတယ်ကွ၊ ဘဝမှာ ထက်အောင်သွေးတဲ့လူတွေမှာပဲ နေစရာရှိတယ်၊ လူ့ဘဝမှာနေပြီး ထက်သထက် ထက်အောင် မသွေးနိုင်ရင်တော့ တဖြည်းဖြည်းနဲ့ တုံးတထက်တုံးပြီး ဘဝထဲက ကွယ်ပျောက် သွားတဲ့အဖြစ်နဲ့ ရင်ဆိုင်ရလိမ့်မယ်”

ဟုပြောလေ၏ ။

ထိုအခါ ခေါင်းလွှမ်းက လားထိန်းတိဘက်ကြီးကို ကြည့်၍

“ဒါဆိုရင် မျိုးနွယ်စုခေါင်းဆောင်တန်ဖဲဟာ အဖေ့ဆီကို ရည်ရွယ်ချက်ကြီးတစ်ခုနဲ့ ရောက်လာတယ်ပေ့ါ”

ဟု ပြောလေ၏ ။

ထိုအခါ လားထိန်းသမားတိဘက်ကြီးက

"ရည်ရွယ်ချက်ကတော့ နှစ်ယောက်စလုံးမှာရှိတာပဲ၊ မင်းအဖေဟာ မိုးထိတောင်ရဲ့ အစွန်အဖျားမှာရှိတဲ့ တန်ဖဲကို သူ့ရဲ့ အုပ်ချုပ်ရေးနယ်ပယ်လုံခြုံရေးအတွက် အသုံးချချင်တယ်၊ တန်ဖဲကလည်း မင်းအဖေရဲ့ ဩဇာအာဏာကို အသုံးပြုပြီး မင်းအဖေရဲ့ သမက်တစ်ယောက် ဘဝကိုရောက်တဲ့အခါ အခြားသော ခေါင်းဆောင်ငယ်တွေကို အခွင့်အရေး ယူဖို့ကြိုးစားလိမ့်မယ်"

ဟု ပြောလေရာ ခေါင်လွမ်းသည် ဒေါသတကြီး လက်သီးအုပ်၍ အနီးရှိတိုင်ကို ဒိုင်းခနဲထိုးချလိုက်ပြီး

"ဒီလိုလုပ်လို့ရမလား၊ ကျုပ်တစ်ယောက်လုံးရှိနေတာပဲ၊ ကျုပ်ကို ဒီကောင် နိုင်အောင် ယှဉ်နိုင်ပါ့မလား"

ဟု ပြောလေ၏။ ထိုအခါ တိဘက်လားထိန်းကြီးက သက်ပြင်းချ၍

"မင်းကို သူမယှဉ်နိုင်ပါဘူး၊ ငါ မင်းကို အမှန်အတိုင်းပြောမယ်၊ ဒီနယ်တကြောမှာ မင်းအဖေကလွဲရင် မင်းကို ယှဉ်နိုင်တဲ့ လူတစ်ယောက်မှ မရှိဘူး၊ ဒါပေမယ့် မင်းဟာ ဒူအမျိုးအနွယ် မဟုတ်ဘူး၊ မင်းအဖေကိုယ်တိုင်မင်းကို သာမန်နိမ့်ကျတဲ့ အမျိုးအနွယ်ထဲက မွေးစားထားတာ၊ မင်းဟာ ဒူအမျိုးအနွယ်ဝင် တစ်ယောက်မဟုတ်ဘဲ ဘယ်လောက်ပဲ အစွမ်းထက် နေပါစေ၊ မင်းမှာ နောက်လိုက်နောက်ပါအင်အား ရှိမှာမဟုတ်ဘူး၊ အဓိကက မင်းတို့ နှစ်ယောက် ယှဉ်ပြိုင်ပြီး အနိုင်ရဖို့မဟုတ်ဘူး၊ မင်းမှာ နောက်လိုက်နောက်ပါအင်အားရှိဖို့ပဲ၊ တန်ဖဲဟာ မင်းအဖေကို လုပ်ကြံခဲ့ပြီးရင် ဒီနယ်မြေမှာရှိတဲ့ လူမျိုးစုဝင်တွေအားလုံးကို စည်းရုံးသိမ်းသွင်းနိုင် လိမ့်မယ်၊ ဒါဆိုရင် မင်းအတွက် အနာဂတ်ရှိမှာ မဟုတ်ဘူး၊ မင်းဟာ ဒီနယ်မြေကနေ ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးတဲ့ဘဝကို ရောက်လိမ့်မယ်"

ဟု ပြောလေရာ ခေါင်လွမ်းသည် ပိုမို၍ ဒေါသဖြစ်သွားပြီး လက်ထဲမှ ဓါးရှည်ကို ရွှမ်းခနဲထုတ်ကာ

"ဒီလိုလုပ်လို့ ကျုပ်လုံးဝသည်းမခံဘူး၊ ကျုပ် ဒီကောင်ကို သတ်ပစ်လိုက်မှာပေ့ါ"

ဟု ပြောလေ၏။

ထိုအခါ လားထိန်းတိဘက်ကြီးက

"မင်းမှာ သတ္တိရှိတယ်ဆိုတာ ငါသိပါတယ်၊ မင်းမှာ အစွမ်းသတ္တိတွေလည်းရှိတယ်၊ ဒါပေမယ့် မင်းအတွက် အရာရာကို ထိန်းထိန်းသိမ်းသိမ်း နေထိုင်မှဖြစ်တော့မယ်၊ ငါ့အထင်တော့ မင်းဟာ မခံချင်စိတ်ကြောင့်ပဲ ဒုက္ခရောက်လိမ့်မယ်"

ဟု ပြောလေ၏။

ထိုအခါ ခေါင်လွမ်းက

"ဒါဆိုရင် ကျုပ်ရဲ့ အနာဂတ်မှာ ဘယ်လိုဆက်ပြီး နေထိုင်ရမလဲ"

ဟု မေးမြန်းလေ၏။ လားထိန်းတိဘက်ကြီးက မျက်မှောင်ကြုတ်၍

ငါဟာ တန်ဖဲနဲ့ ပတ်သက်လို့ ဖြစ်နိုင်ချေတွေကို အများကြီး စဉ်းစားကြည့်တာပါ၊ တန်ဖဲဟာ မင်အစ်မကိုယူပြီး မင်းအဖေရဲ့ သမက်တစ်ယောက်အနေနဲ့ ကျေနပ်နှစ်သိမ့်မှုဖြစ်ရင်လည်း ဖြစ်နိုင်ပါတယ်၊ နောက်ပြီးတော့ မင်းကို အရေးအကြီးဆုံ အချက်တစ်ချက်ကို ပြောရရင် မင်းအဖေ မျိုးနွယ်စုခေါင်းဆောင်ကြီးဟာ အရည်အချင်းရှိတယ်၊ သူဟာ မျိုးနွယ်ဟုခေါင်းဆောင်ငယ် တစ်ယောက် သူ့အနားကို ရောက်လာမယ်ဆိုရင် သတိကြီးစွာထားပြီးနေလိမ့်မယ်၊ ပြီးတော့ မင်းအဖေရဲ့အနီးမှာ အမြဲရှိနေတဲ့ ရွှေကိုယ်ရံတော်နဲ့ ငွေကိုယ်ရံတော်ဟာ လက်ရုံးရည်နဲ့ နှလုံးရည် ပြည့်စုံပြီး

အလွန်ကြောက်စရာကောင်းတဲ့ လူနှစ်ယောက်ပဲ၊ တန်ဖဲဟာ ကောက်ကျစ် ယုတ်မာမယ်ဆိုရင်တောင် ရွှေကိုယ်ရံတော်နဲ့ ငွေကိုယ်ရံတော်ကို ကျော်ပြီးတော့ ယုတ်မာလို့ မရနိုင်ပါဘူး၊ နောက်ပြီးတော့ မင်းအဖေက တန်ဖဲထက် အများကြီး ပိုပြီး လိမ္မာပါးနပ်တယ်ကွ၊ သူ့လိုလူမျိုးကို တန်ဖဲအနေနဲ့ ယှဉ်ပြိုင်မယ်ဆိုရင် ကျောက်တောင်ကို ခေါင်းနဲ့ ဆောင့်သလိုပဲ ဖြစ်လိမ့်မယ်”

ဟု ပြောလေ၏ ။

ထိုအခါ ခေါင်လွမ်းက

“ဟာဗျာ၊ ခင်ဗျားကလည်းစကားကို နှစ်မျိုးပြောပြန်ပြီ၊ စောစောတုန်းကပြောတော့ တန်ဖဲဟာ အလွန်ကြောက်စရာကောင်းခဲ့တယ်၊ အခုတော့ ကျုပ်အဖေ မျိုးနွယ်စု ခေါင်းဆောင်ကြီး က ကြောက်စရာကောင်းနေပြီ၊ နောက်ပြီးကိုယ်ရံတော်နှစ်ယောက် ကလည်း အစွမ်းသတ္တိတွေ ရှိနေပြန်ပြီ၊ ကျုပ်က ဘယ်စကားကိုယုံရမှာလဲ”

ဟု ပြောလေ၏ ။

ထိုအခါ လားထိန်းတိဘက်ကြီးက တဟားဟား ရယ်မော၍

“ဟား ဟား လောကကြီးမှာ လမ်းနှစ်သွယ်ကို အမြဲတမ်း ရွေးထားရတယ်ကွ၊ အချို့သောလူတွေဟာ အလုပ်လုပ်တဲ့နေရာမှာ လမ်းနှစ်သွယ်ကို ရွေးမထားတဲ့အတွက် ကျဆုံး ကုန်ကြတယ်၊ တစ်လမ်းမှာ ဆုံးရှုံးမှုဖြစ်ရင် နောက်တစ်လမ်းကို အမြန်ဆုံး ကူးပြောင်းဖို့ အတွက် အသင့်ဖြစ်နေရတယ်ကွ၊ ဒါကြောင့် ဘာကိုပဲလုပ်လုပ် အရှုံးနဲ့ အမြတ်ကို တွေးထားရတယ်၊ လူတွေဟာ အလုပ်လုပ်တဲ့အခါ အမြတ်တွေပိုရဖို့ပဲ တွေးထားကြတာများတယ်၊ အရှုံးနဲ့ ရင်ဆိုင်လာပြီဆိုရင် ဘယ်လိုလုပ်မလဲဆိုတာ ကြိုတင်ပြီး တွေးထားလေ့မရှိဘူး၊ ဒီလိုလူမျိုးတွေဟာ အကျအဆုံး များတတ်ကြတယ်ကွ”

ဟု ပြောလေ၏ ။

ထိုအခါ ခေါင်လွှမ်းက တိဘက်လူမျိုး လားထိန်းကြီးကို ကြည့်၍

"ဘာပဲဖြစ်ဖြစ် ခင်ဗျားမှာ ဖြစ်နိုင်ချေတစ်လမ်းကိုတော့ အသေအချာ တွေးပြီးသားပဲဆိုတာ ကျုပ်သိတယ်၊ အဲဒီ တစ်လမ်းကို ပြောပါ"

ဟု မေးမြန်းလိုက်လေ၏။

ထိုအခါ လားထိန်းတိဘက်လူကြီးက အဝေးဆီသို့ ငေးကြည့်၍

"ငါတွေးထားတဲ့လမ်းကတော့ တန်ဖဲက မင်းအစ်မနဲ့ လက်ထပ်ပြီးရင် မင်းအဖေ မျိုးနွယ်စုခေါင်းဆောင်ကြီးကို တည့်အောင်ပေါင်းပြီး စည်းရုံးသိမ်းသွင်းလိမ့်မယ်၊ နောက်ပြီးတော့ မင်းအဖေရဲ့ ယုံကြည်အားကိုးရတဲ့လူတွေကို ရန်တိုက်ပေးလိမ့်မယ်၊ ဒါပေမယ့် တန်ဖဲရဲ့ အကြံအစည်အားလုံးကို မင်းအဖေနဲ့ သူ့လူတွေက ကြိုတင်ရိပ်စားမိနေလိမ့်မယ်၊ သူတို့ဟာ တန်ဖဲရဲ့အကြံဉာဏ်ကို ကြိုတင်သိပြီးနေတဲ့အတွက် ရန်တိုက်ပေးသမျှ ယုံကြည်တဲ့ အမူအရာမျိုး လုပ်လိမ့်မယ်၊ တန်ဖဲဟာ မင်းအဖေရဲ့တပည့်တွေရဲ့ လှည့်ကွက်တွေထဲမှာ ဝင်လာပြီး တစ်နေ့ ထောင်ချောက်ထဲမှာ ကားကားကြီးမိလိမ့်မယ်၊ ဒီတော့မှ မင်းအဖေ မျိုးနွယ်စုဝင်ကြီးဟာ တန်ဖဲပိုင်တဲ့ နယ်မြေတွေကို သူ့လက်ထဲရောက်အောင် လက်ဝါးကြီးအုပ်သိမ်းသွင်းပစ်လိုက်မယ်"

ဟ ပြောလေရာ ခေါင်လွှမ်းသည် လားထိန်းတိဘက်ကြီးကို ကြည့်၍

"ခင်ဗျားပြောတာတွေ ဖြစ်နိုင်ချေသိပ်များတယ်၊ ဒါကြောင့် တန်ဖဲကို ကျုပ်စောင့်ကြည့်ဖို့ ဆုံးဖြတ်လိုက်ပြီ"

ဟု ပြောလေ၏။ ထိုအခါ လားထိန်းတိဘက်ကြီးက ခေါင်လွှမ်းကို ကြည့်၍ ရယ်မောကာ

"မင်းကို ကြိုတင်ပြီးတော့ ဟောကိန်းတစ်ခုထုတ်လိုက်မယ်၊ မင်းနဲ့တန်ဖဲဟာ မကြာမီ တိုက်ပွဲဖြစ်လိမ့်မယ်၊ တန်ဖဲရဲ့တပည့် တပန်းတွေဟာ

မင်းကို ယုံကြည်လေးစားမှုမရှိဘဲ သရော်လှောင်ပြောင်တာကစပြီး ရန်ပွဲဖြစ်လိမ့်မယ်၊ ဒီရန်ပွဲဟာ ကြီးသထက်ကြီးပြီး တန်ဖဲနဲ့မင်း ထိပ်တိုက်တွေ့ရလိမ့်မယ်၊ ဒီအချိန်မှာ တန်ဖဲဟာ မျိုးနွယ်စုခေါင်းဆောင်ကြီးရဲ့ သမက်ဖြစ်နေတဲ့ အတွက် မင်းကို မွေးစားသားတစ်ယောက်ကို ထိတ်လန့်ကြောက်ရွံ့တော့မှာ မဟုတ်တော့ဘူး၊ မင်းကံဆိုးမယ်ဆိုရင် တန်ဖဲရဲ့မိန်းမဖြစ်တဲ့ မင်းအစ်မဟာ မင်းဘက်ကပါပေမဲ့ နောက်ဆိုရင် တန်ဖဲဘက်ကတောင် လိုက်လိမ့်မယ်”

ဟု ပြောလေရာ ခေါင်လွမ်းက မယုံကြည်ဟန်ဖြင့် ခေါင်းခါယမ်း၍

“ ဒါတော့မဖြစ်နိုင်ဘူးလို့ ကျုပ်ထင်တယ်၊ ကျုပ်တို့ နှစ်ယောက်ဟာ မောင်နှမင်းအရင်းတွေထက်တောင် တစ်ယောက်နဲ့ တစ်ယောက် ချစ်ကြသေးတယ်”

ဟု ပြောလေ၏ ။

ထိုအခါ လားထိန်းသမားတိဘက်ကြီးက

“ဒီအချိန်မှာ အငြင်းပွားနေလို့ ဘာမှ အကျိုးမရှိဘူး၊ အချိန်က စကားပြောလိမ့်မယ်၊ မင်းကို အထူးသတိပေးချင်တာကတော့ ကိုယ့်စိတ်ကို ကိုယ်ထိန်းနိုင်ဖို့ကြိုးစားပါ၊ အစွယ်ရှိတဲ့သတ္တဝါက အစွယ်ကိုအားကိုးပြီး အင်အားပြတတ်တယ်၊ မင်းဟာ ဒီနယ်မြေမှာ တော့ အတော်ဆုံး တိုက်ခိုက်ရေးပညာရှင်တစ်ယောက်ပဲ၊ ဒီလိုပညာတွေတတ်အောင် ငါကိုယ်တိုင် ဖိဖိစီးစီးသင်ပေးခဲ့ မိတယ်၊ မင်းရဲ့ ပညာတွေကို တတ်နိုင်သလောက် လျှို့လျှို့ဝှက်ဝှက် နေထိုင်ဖို့ ကြိုးစားပါ၊ စကားပုံတစ်ခုရှိတယ်၊ လူအများကို ထုတ်မပြပါနဲ့တဲ့”

ဟု ပြောလေ၏ ။

ထိုအခါ ခေါင်လွမ်းက

"ဘာပဲဖြစ်ဖြစ် တန်ဖဲနဲ့ သူ့လူတွေကို ကျူပ်စောင့်ကြည့်မှဖြစ်မယ်၊ ဒီကောင်တွေဟာ လောဘဇောကပ်ပြီး အဖေ့ကို မလုပ်ကြဲဘူးလို့ ဘယ်သူမှမပြောနိုင်ဘူး"

ဟု ပြောလေ၏။

ထိုနေ့ညသို့ရောက်သောအခါ သတို့သမီးနှင့် သတို့သားကို ဆုံးမသော အခမ်းအနားနှင့် ရိုးရာနတ်များအား တိုင်တည်သော အခမ်းအနားကို ကျင်းပလေ၏ ။

မဒိုင်နတ်စင်ရှေ့တွင် သတို့သမီးနှင့် သတို့သားကို ထိုင်စေပြီး သတို့သမီးဘက်မှ ယူဆောင် လာသောပစ္စည်းများကို ချထားရ၏။

ထို့နောက် နတ်ဆရာချုပ်ဝါက မင်္ဂလာမောင်နှံအား နတ်များနှင့် မိတ်ဆက်ပေးပြီး သတို့သားနှင့် သတို့သမီး၏ မင်္ဂလာကိစ္စကို တိုင်တည်ရလေ၏။

ထိုသို့တိုင်တည်ပြီးနောက် နတ်ဆရာအဘိုးကြီးက သတို့သားနှင့် သတို့သမီးကို ဆုံးမသြဝါဒများပေးလေ၏။ ထိုနေ့တွင်သတို့သားနှင့် သတို့သမီးတို့သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ထမင်းဟင်းများ ခွံ့ကြ၏။

မနက်စာစားအပြီးတွင် သတို့သားဘက်မှ မိဘများက မင်္ဂလာအခမ်းအနားကို ပြေလည်အောင်ဆောင်ရွက်ပေးသော ကတေအဖွဲ့မှ အဘိုးကြီးအား ပိုးပုဆိုး၊ မောင်းစသော ပစ္စည်းများကို လက်ဆောင်အဖြစ် ပေးအပ်လေ၏။

သတို့သမီးဘက်မှလည်း လက်ဆောင်အသီးသီး ပေးအပ်လေ၏။

မင်္ဂလာပွဲမှပြန်မည့် ဧည့်သည်များအတွက် နောက်လွယ်တောင်းတစ်လုံးနှင့် ကျွဲပေါင်တစ်ပေါင်၊ ကောက်ညှင်းကျည်တောက်များကိုလည်း ပြန်လည်ဝေငှပေးလိုက်ရ၏။

ညှော့သည်များ၏ ကိုယ်စား ညှော့သည်တစ်ဦးက မီးဖိုကို ခြေဖြင့်နင်းကာ အိမ်ရှင်အား ခါးတစ်လက် လက်ဆောင်ပြန်ပေးရ၏ ။

ထိုသို့ လက်ဆောင်ပြန်ပေးရသောအခိပ္ပါယ်မှ သတို့သမီးအား နောက်ဆုံးအနေနှုင့် လာရောက်နှုတ်ဆက်ခြင်းပင်ဖြစ်၏ ။

ထိုအခါ သတို့သမီးဘက်မှ ဓားတစ်လက် လက်ဆောင်ပေးသူအား ပုဆိုးတစ်ထည် ပြန်လည်၍ လက်ဆောင်တုံ့ပြန်ရ၏ ။

ထိုနေ့မှပင် ခေါင်ရည်ချက်ရန်အတွက် ကောင်ညှင်းပေါင်း၍ ကောက်ညှင်းကို အအေးခံကာ ခေါင်ရည်ထည့်ရ၏ ။

ထိုသို့ပြုလုပ်ပြီး လေးရက်ကြာမှ ခေါင်ရည်ဖြစ်လာရာ ထိုလေးရက်တာကာလအတွင်း သတို့သမီးသည် အိမ်ပြင်သို့ မထွက်ရချေ။

လေးရက်မြောက်သောနေ့တွင် ခေါင်ရည်မှာ ကောင်းမွန်ပြီး သောက်သုံးရန် အသင့် ဖြစ်နေသဖြင့် ထိုနေ့ညသို့ရောက်သောအခါတွင် သတို့သားနှင့် သတို့သမီးတို့သည် အိပ်စက်ခွင့်ရ လေ၏ ။

ခေါင်ရည်မဖြစ်မီးလေးရက်အတွင်း သတို့သားသည် သတို့သမီးနှင့် အိပ်စက်ခွင့်မရှိပေ။ ညီမ (သို့မဟုတ်) အခြားသော မိန်းမဖော် သူငယ်ချင်းများနှင့်သာ အိပ်စက်ခွင့်ရှိလေ၏ ။

သတို့သမီးနှင့် သတို့သားသည် လင်မယားအဖြစ် ပေါင်းသင်းပြီးနောက် ခြောက်လ ကြာသောအခါ ကြက်ဥ၊ ကောက်ညှင်းစသော စားသောက်ဖွယ်ရာများကို ယူဆောင်၍ မိန်းကလေး၏ မိဘများထံသို့ အလည်အပတ်သွားရ၏ ။

သားသမီးများထွန်းကားလာသောအခါ မိဘဆွေမျိုးများထံသို့ ပြန်၍ မြေးအား ပြသရ၏ ။

မျိုးနွယ်စုများ၏ အရေးကြီးသော ထုံးစံတစ်ခုမှာ မင်္ဂလာဆောင်ပြီး

တစ်နှစ်အတွင်းဖြစ်စေ၊ နှစ်နှစ်အတွင်းဖြစ်စေ ဇနီးသည်၏ ရိုးရာနတ်များနှင့် ခင်ပွန်းသည်၏ ရိုးရာနတ်များကို ပူးပေါင်းပြီး ကိုးကွယ်ရသော ဓလေ့ပင် ဖြစ်၏။

ထိုညက ဇနီးမောင်နှံအစုံအား မဒိုင်နတ်အား ပြသရာတွင် သူ၏ အစ်မသည် မျက်နှာကြည်သာစွာဖြင့် ရှိနေကြောင်း သိရ၏။

ခေါင်လွမ်းသည် အစ်မဖြစ်သူ စိတ်ပြောင်းသွားပြီဟု ထင်မှတ်ကာ ရင်ထဲတွင် သက်သာသွားသယောင်ရှိ၏။

ခေါင်လွမ်းသည် တန့်ဖဲနှင့် အပေါင်းအသင်းများကို အရိပ်တကြည့်ကြည့် ကြည့်ရှုနေလေ၏။ ထိုအခိုက်မှာပင် အနီးသို့ မိခင်ဖြစ်သူ ရောက်ရှိလာပြီး

"ငါ့သား ဘယ်ပျောက်နေတာလဲ၊ ညှော့ခံပွဲကျင်းပနေတဲ့ တစ်ချိန်လုံး သားကို မတွေ့ရဘူး"

ဟု ပြောလေ၏။

ထိုအခါ ခေါင်လွမ်းက

"ကျုပ် တစ်ချိန်လုံး လားထိန်းတိဘက်ကြီးနဲ့ အတူရှိနေတယ်"

ဟု ပြောလေ၏။

မင်္ဂလာဏ္ဍာပ် ကြီးအတွင်း လူများ တဖြည်းဖြည်း ကျဲပါးသွားလေ၏

ရပ်ဝေး၌ နေထိုင်သူများကလည်း ၎င်းတို့၏ ရွာများသို့ အသီးသီးပြန်ကြပြီဖြစ်၏။

ထိုအချိန်၌ လူမျိုးစုခေါင်းဆောင်ငယ် တန့်ဖဲ၏ အပေါင်းအဖော်များသာ မင်္ဂလာမဏ္ဍာပ် အတွင်းရှိနေကြလေ၏။

ခေါင်လွမ်းသည် မင်္ဂလာမဏ္ဍာပ် တစ်နေရာ၌ ထိုင်၍ ခေါင်ရည်တစ်အိုးကိုယူကာ ကျည်တောက်ထဲသို့ ထည့်၍ တစ်ကိုယ်တည်း

သောက်နေမိ၏။

ထိုအခိုက်မှာပင် ယောက်ဖဖြစ်သူတန်ဖဲသည် ခေါင်လွှမ်း၏ အနီးသို့ ရောက်ရှိလာပြီး

"ကျုပ်ကို ခေါင်ရည်နည်းနည်းပါးပါး တိုက်ပါဦး"

ဟု ပြောလေ၏။

ထိုအခါ ခေါင်းလွှမ်းက ခေါင်ရည်တစ်ခွက်ကို ဝါးကျည်တောက်ထဲသို့ငှဲ့၍ တန်ဖဲအား ကမ်းပေးလိုက်၏။

တန်ဖဲသည် ခေါင်လွှမ်းကမ်းပေးလိုက်သော ခေါင်ရည်ကိုတစ်ပြိုင်တည်း မော့သောက် လိုက်ပြီး ကျည်တောက်ကို ထိုးပြန်၏။ ထိုအခါ ခေါင်လွှမ်းက ခေါင်ရည်ကို ကျည်တောက်ထဲသို့ငှဲ့ထည့်ပေးလိုက်ပြန်၏။

တန်ဖဲသည် ခေါင်ရည်ကို တစ်ကြိုက်တည်း မော့သောက်လိုက်ပြီး ခေါင်လွှမ်းအား ထပ်မံ၍ ဝါးကျည်တောက်ကို ကမ်းပေးလိုက်ပြန်၏။

ခေါင်လွှမ်းသည် သက်ပြင်းချ၍ ခေါင်ရည်ကို ထပ်မံထည့်ပေးလေ၏။

တန်ဖဲသည် ခေါင်ရည်ကို တစ်ကြိုတည်းဖြင့် မော့သောက်လိုက်ပြန်၏။ တန်ဖဲသည် ခေါင်ရည်ကို အလွန်အကျွံသောက်သုံးနိုင်သူတစ်ဦးဖြစ်ကြောင်း ယောက်ဖဖြစ်သူရှေ့တွင် ပြသခြင်း ဖြစ်၏။

သို့သော် ခေါင်လွှမ်းသည် ထိုကိစ္စများနှင့်ပတ်သက်၍ ဂုဏ်မယူတတ်သူ ဖြစ်လေရာ

"ကျုပ်ကတော့ ခင်ဗျားလောက်မသောက်နိုင်ဘူးသွားတော့မယ်"

ဟု ပြောလေရာ လက်ထဲရှိ ခေါင်ရည်အိုးကို စားပွဲပေါ်သို့ တင်ပေးလိုက်လေ၏။

ထို့နောက် တန်ဖဲတို့လူစုအရှေ့မှ ထွက်ခဲ့၏။ ထိုအခါ တန်ဖဲတပည့်များသည် ခေါင်လွှမ်းအား လှောင်ပြောင်ကြောင်သောအမူအရာဖြင့်တဝါးဝါး တဟားဟား ရယ်မောကြလေ၏။

၎င်းတို့၏ လှောင်ပြောင်သရော်သော အမူအရာကြောင့် ခေါင်လွှမ်းသည် ရင်ထဲတွင် မခံချိမခံသာ ခံစားရလေ၏။ တန်ဖဲ၏ တပည့်များသည် အသိဉာဏ်နည်းသူများဖြစ်၍ ခေါင်ရည်ကို မတန်တဆသောက်နိုင်သူကိုသာ ယောကျ်ားပီသသူဟု အထင်ကြီး နေပုံရ၏။

ထို့ကြောင့် မိမိ၏ အစွမ်းကို ပြသချင်စိတ်များ ဖြစ်ပေါ်လာ၍ ခေါင်လွှမ်းသည် ကျောခိုင်း၍ ရပ်နေရာမှာ ခါးကြားတွင်ရှိသော ငွေရောင်ဓါးတိုလေးကို ဖြည်းညှင်းစွာ ထုတ်၍ တန်ဖဲဘက်သို့လှည့်လိုက်၏။

တန်ဖဲသည် ငွေရောင်ဓါးတိုလေးကို ကိုင်ထားသော ခေါင်လွှမ်းကို ကြည့်၍ မျက်လုံးပြူးသွားလေ၏။

ထိုအခါ ခေါင်လွှမ်းက

“ဟောဒီ ငွေဓါးလေးဟာ အတော်တန်ဖိုးရှိတယ်လို့ တရုတ်ကုန်သည်ကြီးတစ်ယောက်က အကဲခတ်ဖူးတယ်၊ ခင်ဗျားကို ယောက်ဖတစ်ယောက်အနေနဲ့ ဖဂါလက်ဆောင်မပေးရသေးဘူး၊ ဟောဒီလက်ဆောင်ကို လက်ခံပါ”

ဟု ဆိုကာ သူ၏ လက်ထဲရှိ ငွေရောင်ဓါးငယ်ကို တန်ဖဲရှိရာသို့ လှစ်ခနဲ လှမ်းပစ်လိုက်၏။

ဓါးငယ်သည် တန်ဖဲ၏ ခေါင်ရည်ခွက်ကို သွား၍ စိုက်နေ၏။ တန်ဖဲသည် ထင်မှတ်မထားသဖြင့် အလွန်ထိတ်လန့်တုန်လှုပ်ပြီး လက်ထဲရှိ ခေါင်ရည်ကျည်တောက် လွှတ်ကျသွား၏။

ခေါင်လွမ်းက တန်ဖဲကို စောင်းငဲ့ကြည့်၍

"ငါရဲ့လက်ဆောင်က အဖိုးတန်ပါတယ်၊ မင်းနဲ့ သိပ်လိုက်မှာပါ"

ဟု ပြောပြီး ထိုနေရာမှ ကျောခိုင်းထွက်ခဲ့လေ၏။

တန်ဖဲနှင့် အပေါင်းအဖော်များသည် ခေါင်ရည်ကျည်တောက်တွင် စိုက်နေသော ငွေရောင်တလက်လက်တောက်ပနေသော ဓါးငယ်ကို ကြည့် ထိတ်လန့်တုန်လှုပ်သွားလေ၏။

သတို့အားလုံး ခေါင်လွမ်းကို အရည်အချင်းမရှိသော လူငယ်တစ်ယောက်ဟူ၍ သာ သိထား၏။

ယခု ခေါင်လွမ်း၏ ဓါးစွမ်းကို မြင်ရသောအခါ တန်ဖဲ ကိုယ်တိုင် အလွန်ထိတ်လန့်တုန်လှုပ် သွားလေ၏။

ထိုမြင်ကွင်းကို လားထိန်းတိဘက်ကြီးက ကြည့်၍ တီးတိုးရယ်မောလိုက်ပြီး

"ခေါင်လွမ်း ခေါင်လွမ်း ငါ့စကားတောင်မဆုံးသေးဘူး မခံချင်စိတ်ကြောင့် ကြောင်လက်သည်း ဖွက်သလိုမနေဘဲ အစွမ်းပြလိုက်ပြန်ပြီ၊ တကယ်တော့ မင်းဟာ မျိုးနွယ်စုဝင် တွေရဲ့ အေးချမ်းသာယာရေးကို စိတ်ဝင်စားမယ်ဆိုရင် မင်းအဖေရဲ့နေရာကို ဆက်ခံသင့်တယ်"

ဟု ရေရွတ်နေလေတော့၏။

*